# ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄။)

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်

(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော-

(က) "စည်းကြပ်မှုအဖွဲ့" ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) "ပထမအယူခံအဖွဲ့" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ် ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) "ဒုတိယအယူခံအဖွဲ့" ဆိုသည့် စကားရပ်ကို "အခွန်အယူခံခုံအဖွဲ့" ဆိုသည့် စကားရပ် ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ည) ပုဂ္ဂိုလ်စုဆိုသည်တွင် အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်း ပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမ အသင်းနှင့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ ပါဝင်သည်။"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဒ)၏ နောက်တွင် ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (န) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူး ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီများ ဆိုင်ရာ အခွန်ရုံး၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများလည်း ပါဝင်သည်။

(န) ပျက်ကွက်သူဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ဤဥပဒေအရ တောင်းခံထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကို ဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်သတ်မှတ်ပေးထားသည့် အချိန် ကာလအတွင်းပေးဆောင်ရန်ပျက်ကွက်သူ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆**

**☆ ဝင်ငွေခွန်ဥပဒေမှ**

(၂) ဤဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း အခွန်ကို ပင်ရင်းမှ နုတ်ယူပေးသွင်းရန် ပျက်ကွက်သူ။”

၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်ခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) (ဂဂ) တွင် ပါရှိသော “အခွန်ထမ်း သို့မဟုတ် အိမ်ထောင်ဖက်၏ အသက်အာမခံ” ဆိုသည့် စကားရပ်အစား “အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၇ တွင် ပါရှိသော “ပြည်ထောင်စုအစိုးရသည်” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၁ ပါ ရှင်းလင်းချက်ကို အောက်ပါအတိုင်း အစားထိုးရမည်-

“ရှင်းလင်းချက်။ ။ စီးပွားရေးလုပ်ငန်းဆိုသည်တွင် ငွေချေးသက်သေခံ လက်မှတ်များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာလက်မှတ်များ အပါအဝင် အတိုးငွေရရန်အတွက် ငွေမြှုပ်နှံခြင်းတို့လည်း ပါဝင်သည်။”

၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၏ နောက်တွင် ရှင်းလင်းချက်ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“ရှင်းလင်းချက်။ ။ မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံ ငှားရမ်းခြင်းဆိုရာတွင် ကိုယ်ပိုင်မဟုတ်သည့် မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံအား ထပ်ဆင့်ငှားရမ်းခြင်းလည်း ပါဝင်သည်။”

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၃ တွင်ပါရှိသော “ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း” ဆိုသည့် စကားရပ်အစား “ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၅။(က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေရှိလျှင် ထိုသို့ ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေရှိသည်ဟုယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသည့် သတင်းအချက်အလက်များပေါ် အခြေပြုလျက် ဝင်ငွေခွန် ပေးဆောင်ရန် တောင်းခံနိုင်သည်။”

၁၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆ တွင်-

(က) ပုဒ်မခွဲ(က)၌ “သို့ရာတွင် အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရမည်။” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(င)၌ ပါရှိသော “ပြည်ထောင်စုအစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍” ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဆ)၌ “ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင်ရမည့်ဒဏ်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ(ဇ)၌ ပါရှိသော “တစ်ဆယ်ရာခိုင်နှုန်းထက်မပိုသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေနိုင်သည်”ဆိုသည့် စကားရပ်ကို “တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၃၂ တို့တွင်ပါရှိသော ရှင်းလင်းချက်များကို ပယ်ဖျက်ရမည်။

၁၄။ ဝင်ငွေခွန်ဥပဒေတွင် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၃ ၏ ရှင်းလင်းချက်၊ ပုဒ်မ ၃၅၏ ရှင်းလင်းချက်၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၅၀ တို့တွင် ပါရှိသော “ပြည်ထောင်စုအစိုးရ”ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန”ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)တွင် ပါရှိသော “မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအရ ဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ၊”ဆိုသည့် စကားရပ်ကို “ဤဥပဒေအရ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၃၁။ ပြည်ထောင်စုအစိုးရသည်-

(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) အဆိုပါစာချုပ်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာနိုင်သည်။”

၁၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)နှင့် (ဃ)တို့တွင်ပါရှိသော “အယူခံအဖွဲ့”ဆိုသည့် စကားရပ်ကို “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၁၈။ ဝင်ငွေခွန်ဥပဒေတွင်-

(က) ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော “ငွေကျပ်တစ်ရာ”ဆိုသည့် စကားရပ်ကို “ငွေကျပ်တစ်ထောင်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၃-က တွင် ပါရှိသော “ကျပ် ၅၀၀ အထိဖြစ်လျှင်”ဆိုသည့် စကားရပ်ကို “ကျပ်သုံးသောင်းထက် မပိုလျှင်” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “ကျပ် ၁၀၀၀၀ အထိဖြစ်လျှင်”ဆိုသည့် စကားရပ်ကို “ကျပ်တစ်သိန်းထက်မပိုလျှင်”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ဂ) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ)တွင် ပါရှိသော “ကျပ်တစ်သောင်းအထိ” ဆိုသည့် စကားရပ်ကို “ကျပ်တစ်သိန်းထက်မပိုသော” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၄ တို့တွင် ပါရှိသော “ပြည်ထောင်စုအစိုးရက တာဝန်လွှဲအပ်သော အဖွဲ့များသည်” ဆိုသည့် စကားရပ်ကို “မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည် လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းသောအဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည်လည်းကောင်း” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၄၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူးနှင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့သည် လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းသော အဖွဲ့နှင့် လွှဲအပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်နှင့်အဖွဲ့များသည် လည်းကောင်း ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တရားမကျင့်ထုံးဥပဒေအရ တရားရုံးသို့ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ရရှိစေရမည်။ ထို့ပြင် ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့များအား လုပ်ငန်းဆိုင်ရာ တရားရုံးဖြစ်သည်ဟု မှတ်ယူရမည်။”

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၅ တွင်-

(က) စာကိုယ်၌ပါရှိသော “ယင်းအဖွဲ့” ဆိုသည့် စကားရပ်ကို “ယင်းပုဂ္ဂိုလ်”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်ခွဲ(ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။ အရေးတကြီး ဆောင်ရွက်ရန်ကိစ္စ ပေါ်ပေါက်ပါက သက်ဆိုင်ရာ မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်းတောင်းခံ၍ ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့ထံ အမြန်ဆုံး အစီရင်ခံတင်ပြရမည်။

(ဃ) ပုဒ်မခွဲ(က)နှင့်(ခ)တို့ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်သော အခွန်ထမ်း သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးတို့၏ ရှေ့မှောက်တွင် ဖြစ်စေရမည်။”

၂၂။ ဝင်ငွေခွန်ဥပဒေတွင်-

(က) ပုဒ်မ ၄၆၊ ပုဒ်မခွဲ(က)၌ ပါရှိသော “သို့မဟုတ် အယူခံအဖွဲ့သည်” ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၄၇၊ ပုဒ်မခွဲ(က)၌ ပါရှိသော “သို့မဟုတ် အယူခံအဖွဲ့က” ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်၊

(ခ) ပုဒ်မ ၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)တွင် ပါရှိသော “ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော အဖွဲ့” ဆိုသည့် စကားရပ်နှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)တွင် ပါရှိသော “အဖွဲ့”ဆိုသည့် စကားရပ်တို့ကို “မြို့နယ်အခွန်ဦးစီးဌာနမှူးသည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

“၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။”

၂၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစား တစ်ခုခုအတွက်ဖြစ်စေ မည်သည့် အချက်အလက်များ ပါဝင်သည့် စာရင်းပုံစံများထားရှိရမည်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။”

၂၅။ ဝင်ငွေခွန်ဥပဒေတွင်ပါရှိသော “အခန်း(၁၈)၊ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေအကျိုးသက်ရောက်သည့် စည်းကြပ်နှစ်များ” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၅၉။ မြို့နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်အနက် ကျပ်ငွေဖြင့် ကောက်ခံရငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က မြို့နယ်အလိုက် သတ်မှတ်သော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**